## စေ့စပ်ရေးပရိယာယ် နှင့် ၂၀၀၈ ဒိုင်အာခီ

စေ့စပ်ရေးဆိုတာ အောင်ပွဲနဲ့လက်နက်ချတာ နှစ်ခုကြားက အခြေအနေတရပ်ဖြစ်တယ်။ မတူညီတဲ့ အကျိုးစီးပွားနှစ်ရပ်ကြား ရှေ့မတိုးနောက်မဆုတ် ဖြစ်နေတဲ့ အနေအထားမှာ နှစ်ဖက်လက်ခံနိုင်တဲ့ အနေအထားတရပ်ရအောင် စေ့စပ်ကြရတာပဲ။ ဓမ္မတာပဲ အကျိုးစီးပွားချင်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတဲ့ အင်အားစုနှစ်ရပ်ကြား စေ့စပ်ရတာခက်ပြီး အကျိုးစီးပွားချင်း နီးစပ်တဲ့ အင်အားစုနှစ်ရပ်ကြား စေ့စပ်ရတာ နှိုင်းယှဉ်ခြင်းအရ လွယ်တယ်။ အရေးကြီးတာက အဖြေမပေါ်တဲ့ စေ့စပ်ရေးဟာ ကြာရှည်မခံဘူး။

သာမန်စီးပွားရေး လူမှုရေး ပုဂ္ဂိုလ်ရေး ကိစ္စတွေမှာ အလျော့အစားလုပ်လို့ရတဲ့အတွက် စေ့စပ်ရတာ သိပ်မခက်ဘူး။ နိုင်ငံရေးကိစ္စမှာတော့ လောင်းကစားဆန်ဆန် လုပ်လို့မရဘူး။ လူထုလူတန်းစား အကျိုးစီးပွားဆိုင်ရာ မူပြဿနာကို ညှိရတာဖြစ်တဲ့အတွက် နက်နဲသိမ်မွေ့တယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်ရင် ပဋိပက္ခပြင်းထန်လာပြီး စစ်ဖြစ်တာပဲ။ ဒါ့ကြောင့် စစ်ဆိုတာ နိုင်ငံရေးရဲ့အဆက်လို့ ပြောတာဖြစ်တယ်။ စေ့စပ်ဆွေးနွေးပွဲဆိုတာဟာ လမ်းပေါ်ကလူထုတိုက်ပွဲနဲ့ စစ်မြေပြင်က လက်နက်ကိုင်တိုက်ပွဲကို စားပွဲဝိုင်းပေါ် ရွှေ့လာတာလည်း ဖြစ်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲမှာ NLD အပြတ်အသတ် အနိုင်ရရှိမှုက ၈ လေးလုံးဒီရေနဲ့ ၉၀ ရလဒ်ကို အသစ်တဖန် ပြန်လည်ရှင်သန်လာစေတယ်။ ဗမာပြည် ပြည်သူလူထုကြီးရဲ့ လိုလားချက်တွေ အောင်သီးအောင်ပွင့်တွေကို နင်းချေပစ်လို့မရဘူး ၂၀၀၈ ကို လူထုက လက်မခံဘူးဆိုတာကို ဖော်ပြလိုက်ခြင်းလည်း ဖြစ်တယ်။

ပြည်တွင်းစစ်ကို ဖက်တွယ်ကြီးထွားလာတဲ့ အခွင့်ထူးခံစစ်အုပ်စု (စစ်အုပ်စု စစ်အာဏာရှင်စနစ် စစ်ဗျူရိုကရက်လူတန်းစား) ကတဖက် လူမျိုးပေါင်းစုံ အဖိနှိပ်ခံ လူထုကြီးတရပ်လုံးကတဖက် ဖြစ်ပွားနေတဲ့ပဋိပက္ခရဲ့ လတ်တလောဆုံချက်ဟာ ၂၀၀၈ အခြေခံဥပဒေဖျက်သိမ်းရေးဖြစ်တယ်။ ၂၀၀၈ မဖျက်သိမ်းနိုင်သေးခင် ပြင်ဖို့ကြိုးစားတယ်။ ပြင်မရအောင် ၂၅% (တမတ်သား)နဲ့ အသာစီးယူ ပိတ်ဆို့ထားတဲ့အတွက် ၄၃၆ နဲ့ ၅၉ (စ) တို့ကို စတင်ပြင်ဖို့ ကြိုးစားတယ်။ မရဘူး။ လက်မှတ် ၅ သန်းက အဟောသိကံဖြစ်သွားတယ်။ ၂၀၁၅ မဲဆွယ်ကာလမှာ လူထုကြီးက လမ်းမတွေပေါ် လျှံထွက်လာပြီး မဲရုံတွေမှာ အုံ့နဲ့ကျင်းနဲ့ NLD ကို ထောက်ခံမဲ ပေးလိုက်ခြင်းက ၂၀၀၈ အခြေခံဥပဒေကို မလိုလားဘူး အပြောင်းအလဲကို လိုလားကြောင်း တရားဝင် ဖော်ပြလိုက်ခြင်းပဲ ဖြစ်တယ်။

လူထုဆိုတာ ဗမာပြည်တွင်းမှာ မှီတင်းနေထိုင်ကြတဲ့ အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးတရပ်လုံးကို ပြောတာဖြစ်တယ်။ အလိုတော်ရိမှအပ လူထုလူတန်းစား အဖွဲ့အစည်းပေါင်းစုံ ပါတယ်။ နိုင်ငံရေးအသိ နိုးကြားနေတဲ့ လူထုဟာ တိုက်ပွဲဝင်ဖို့ အသင့်ဖြစ်နေတဲ့ စစ်သည်တော်များနဲ့တူတယ်။ အဲဒီလိုစစ်သည်တော်များကို အားပြုပြီး ဗိုလ်အောင်ဆန်းဟာ ဗြိတိသျှနယ်ချဲ့နဲ့ စေ့စပ်ခဲ့တာပဲ။ ဒီလူထုကြီးကို တစည်းတလုံးတည်းသော အင်အားစုကြီးအဖြစ် စည်းရုံးတည်ဆောက် ထားနိုင်လို့၊ လူထုလူတန်းစားနဲ့ အမျိုးသားအသီးသီးပါဝင်တဲ့ တပ်ပေါင်းစုကြီးတရပ်အဖြစ် တည်ဆောက်ထားနိုင်လို့ စေ့စပ်ရေးစားပွဲမှာ တဖက်အင်အားစုက တလေးတစား ဆက်ဆံလာတာဖြစ်တယ်။

နယ်ချဲ့သမားက ဖဆပလ ကို တန်းမထားဘူး။ ဆင်းမလား (စက္ကူဖြူ) စီမံကိန်းနဲ့ ဘုရင်ခံအမှုဆောင်အဖွဲ့ အုပ်ချုပ်ရေးကို အသက်သွင်းတယ်။ ဂျပန်ဖက်ဆစ်ကို လက်နက်ကိုင်တိုက်လာခဲ့တဲ့ လူထုကြီးက ၁၉၄၆ အထွေထွေသပိတ်ကြီးနဲ့ တုံ့ပြန်တော့မှ ဖဆပလ ကို ဘုရင်ခံအမှုဆောင်အဖွဲ့ထဲပါဖို့ ဖိတ်တယ်။ တဖက်မှာ ဗိုလ်အောင်ဆန်းနဲ့ ကွန်မြူနစ်ပါတီကို သွေးခွဲမှု အောင်မြင်သွားတယ်။ အမျိုးသားညီညွတ်ရေး အက်ကြောင်းထင်ပြီး

ဗမာပြည်နိုင်ငံရေး ကံဆိုးမိုးမှောင်ကျတာပဲ။ နှစ်ဖက်စလုံးက အချိန်မီပြင်ဖို့ ကြိုးစားတယ်။ တနှစ်အတွင်း လွတ်လပ်ရေးရဖို့ လုံ့ဆော်ချက်နဲ့ ဗိုလ်အောင်ဆန်း ဘိလပ် (လန်ဒန်) သွားပြီး စေ့စပ်ဆွေးနွေးတယ်။ ရရင်ရမရရင်ချ ဆိုတဲ့ကြွေးကြော်သံနဲ့ လူထုကအားပြတော့မှ အောင်ဆန်း–အက်တလီ စာချုပ်နဲ့ လွတ်လပ်ရေးလမ်းပြမြေပုံတခု ရလာတယ်။ နယ်ချဲ့သမားက ဒိုမီနီယံ dominion အဆင့် (လက်အောက်ခံ) လွတ်လပ်ရေးကို ပေးဖို့ရည်ရွယ်တယ်။ ရှမ်းပြည်နယ်နဲ့ တောင်တန်းဒေသ frontier area တို့ မပါဘူး။ မဖွံ့ဖြိုးသေးတဲ့ ဒေသများအဖြစ် နယ်ချဲ့လက်အောက်မှာပဲ ဆက်ထားဖို့ဖြစ်တယ်။ ဗိုလ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ ကြိုးပမ်းမှုနဲ့ ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့တယ်။ တိုင်းပြုပြည်ပြုရွေးကောက်ပွဲမှာ ဖဆပလ အပြတ်အသတ်နိုင်တယ်။ ဗမာပြည်ကွန်မြူနစ်ပါတီက လွှတ်တော်တွင်းမှာ စကားပြောစင်မြင့်ရရုံ နေရာတချို့မှာသာ ရွေးပြိုင်တယ်။ ဗိုလ်အောင်ဆန်းနဲ့ ဗမာပြည်သူလူထု လိုလားတာက လုံးဝလွတ်လပ်ရေးဖြစ်တယ်။ ဖဆပလ – ကွန်မြူနစ် ညီညွတ်ရေး ပြန်လည်တည်ဆောက်ဖို့၊ လုံးဝလွတ်လပ်ရေးအတွက် ရရင်ရမရရင်ချဖို့ ဗိုလ်အောင်ဆန်းနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီတို့ ပြင်တယ်။ ဗိုလ်အောင်ဆန်း လုပ်ကြံခံရတယ်။

ဗိုလ်အောင်ဆန်း လုပ်ကြံခံရတဲ့အတွက် လူထုရဲ့ဒေါသဟာ နယ်ချဲ့သမားပေါ်မှာ စုပုံလာတယ်။ ရရင်ရ မရရင်ချဆိုတာ လက်တွေ့ဖြစ်လာတော့မယ်။ ဗိုလ်ချုပ်အောင်ဆန်း မရှိတော့တဲ့အခါ ဖဆပလ လက်ယာဂိုဏ်းက ဦးဆောင်ပြီး နယ်ချဲ့သမားနဲ့ အလျော့ပေးစေ့စပ်ခဲ့တဲ့အတွက် အမြီးအခိုမကင်းတဲ့လွတ်လပ်ရေးကို စာချုပ်သုံးရပ် (နု – အက်တလီ၊ လက်ျာ – ဖရီးမင်း၊ မြ – ခရွန်ဘီ) နဲ့ ရရှိခဲ့ပါတယ်။ ဖဆပလ – ကွန်မြူနစ် ညီညွတ်ရေး ရေစုန်မျောသွားရုံတင်မက အမျိုးသားညီညွတ်ရေးလည်း တစတစပြိုကွဲသွားပါတော့တယ်။

ဗမာပြည်သူတွေမှာ စေ့စပ်ရေးနဲ့ပတ်သက်တဲ့ ခါးသည်းတဲ့ သမိုင်းသင်ခန်းစာ ရှိခဲ့ပါတယ်။

သမိုင်းရဲ့သရော်ချက်လို့ပဲ ဆိုရမှာဖြစ်တယ်။ ဒီသင်ခန်းစာကို စစ်အုပ်စုက သူ့အကျိုးစီးပွားအရ ဆန့်ကျင်ဘက်က အသုံးချပါတယ်။ သွေးခွဲဖိနှိပ်၊ အချိုသတ်အပျော့ဆွဲ၊ လက်နဲ့ရေးခြေနဲ့ဖျက်၊ အယုံသွင်းအလစ်တိုက် လုပ်တယ်။ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ NLD ဟာ ၉၀ ရွေးကောက်ပွဲမှာကတည်းက တရားဝင်အခွင့်အာဏာ ရထားတဲ့ နိုင်ငံရေးပါတီပါ။ စစ်အုပ်စုက ဒါကို ညစ်နည်းပေါင်းစုံနဲ့ ချေဖျက်ခဲ့သလို အသိအမှတ်ပြု တွေ့ဆုံဆွေးနွေးဖို့ကိုလည်း ငြင်းဆန်နေခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးမှုမမည်တဲ့ အထက်စီးယူ ဆက်ဆံခဲ့ပြီး ၂၀၀၈ အခြေခံဥပဒေ မူဘောင်အောက်မှာသာ NLD ကို လှုပ်ရှားခွင့်ပေးခဲ့ပါတယ်။ ဒါဟာ စစ်အုပ်စုခွင့်ပြုတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေး သူနိုင် – ကိုယ်နိုင် ဖြစ်စဉ်ပါ။

ရာစုတစုရဲ့တစိတ်ကြာ (၂၅ နှစ်) စစ်အုပ်စုရဲ့ သဲသဲမဲမဲဖိနှိပ်မှုကို လူထုကြီးနဲ့တကွ သူရဲကောင်းရာထောင်တို့ဟာ သွေးချွေးအသက်ပေါင်းများစွာ ရင်းနှီးပြီး ခုခံအန်တုခဲ့ကြပါတယ်။ NLD ကိုယ်၌ကလည်း ငုံ့ခံနေတာတော့ မဟုတ်ပါဘူး။ ဖောက်ထွက်ဖို့ ကြိုးစားတာတွေလည်း တွေ့ရပါတယ်။ လက်ခုပ်ထဲကရေ မဟုတ်ဘူး။ အာလူးပူပူတလုံးဖြစ်တယ် ဆိုတာကို ယခုရွေးကောက်ပွဲ ဖြစ်ရပ်က ပြသလိုက်တာပါပဲ။

သမိုင်းက တပတ်ပြန်လည်လာတယ်။ ထပ်တူတော့ မဟုတ်ဘူး။

ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အုပ်စု တရားဝင်တွေ့ဆုံဆွေးနွေးမှုကို ဗမာပြည်သူတရပ်လုံးတင်မက နိုင်ငံတကာကပါ စောင့်ကြည့်နေတယ်။ ပြည်တွင်းပြည်ပ မီဒီယာလောကရဲ့ အာရုံကျရာသတင်း ဖြစ်နေတယ်။ စစ်အုပ်စုဘက်က တရားဝင်ကိုယ်စားပြုသူက (လွှတ်တော်နာယကကို ဖယ်ထား) ကြံ့ဖွံ့ဥက္ကဋ္ဌလည်းဖြစ် သမ္မတလည်း ဖြစ်တဲ့ ဦးသိန်းစိန်နဲ့ တပ်ချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှစ်ဦး ဖြစ်တယ်။ ဦးသိန်းစိန်က ရွေးကောက်ပွဲပြုတ် lame duck ဖြစ်တယ်။ အာဏာအလွှဲအပြောင်း ချောမွေ့ရေးအတွက် ထုံးတမ်းစဉ်လာအရ courtesy သဘောတွေ့တာပဲ။ ပိုအရေးပါတာက ၂၀၀၈ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ဖို့ သစ္စာခံထားတဲ့

တပ်ချုပ်မင်းအောင်လှိုင် ဖြစ်တယ်။ ၂၀၀၈ အောက်မှာ ရှေ့လျှောက်စခန်းသွားရမှာက တပ်ချုပ်မင်းအောင်လှိုင်နဲ့ ဖြစ်တယ်။ ဒါပေမဲ့ တပ်ချုပ်ကလေးက နံပါတ်ဝမ်း မဟုတ်သေးဘူး (၉၀ တုန်းက တပ်ချုပ်ဖြစ်ခဲ့တဲ့ဗိုလ်စောမောင်ကို သတိရစရာပါ)။ စစ်သုံးစစ်ဆိုတဲ့ ရေခဲကျွန်းမျောကြီးရဲ့ ရေပေါ်ပေါ်နေတဲ့အပိုင်းပဲ ရှိသေးတယ်။ ကန့်လန့်ကာနောက်ကွယ်က တွေ့ဆုံမှုတွေ၊ စကားပါးမှုတွေ၊ သံခင်းတမန်ခင်း ဘေးတီးမှုတွေ၊ ခြေပုန်းခုတ်မှုတွေ စတဲ့စတဲ့ ထဲထဲဝင်ဝင်ကြိတ်ဝိုင်းတွေနဲ့ ပွဲစည်နေဦးမယ့် ကာလပါပဲ။ နောက် ၄ လအကြာ တရားဝင် အာဏာမလွှဲပြောင်းခင် ကာလကြား အချိန်မရွေး အချိုးပြောင်းနိုင်သေးတယ်။

အိုဘားမားက ပွဲမဖျက်ဖို့ သတိပေးတဲ့သဘောနဲ့ ‘အောင်မြင်တဲ့ရွေးကောက်ပွဲ သမိုင်းတွင်မယ့် ရွေးကောက်ပွဲ’ လို့ ဦးသိန်းစိန်ကိုကော ဒေါ်စုကိုပါ ဖုန်းဆက်ချီးကျူးစကား ဆိုတယ်။ သူ့ရဲ့ ဒုတ်နဲ့မုံ့ပေါ်လစီကို ထပ်ရှင်းပြချင်တဲ့သဘောပဲ။ လူကိုယ်တိုင် လာဦးမယ်လို့လည်း ဆိုတယ်။

ဘာတွေ တွေ့ဆုံဆွေးနွေးတယ်ဆိုတာကို နှစ်ဖက်စလုံးက ထုတ်မပြောဘူး။ ဦးသိန်းစိန်က ‘အေးချမ်းစွာအာဏာလွှဲပြောင်းတဲ့ အစဉ်အလာကောင်း’ လို့ ပြောတယ်။ တပ်ချုပ်မင်းအောင်လှိုင်က ‘ကောင်းမွန်တယ် တိုင်းပြည်အကျိုးရှိမယ့်ကိစ္စ ပူးပေါင်းဆောင်ရွက်မယ်’ လို့ပြောတယ်။ ကာချုပ်ရုံးက ‘တည်ငြိမ်အေးချမ်း တရားဥပဒေစိုးမိုး စည်းလုံးညီညွတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ဖက်ညှိနှိုင်း ပူပေါင်းဆောင်ရွက်ကြရန် သဘောတူတယ်’ လို့ သတင်းထုတ်ပြန်တယ်။

ဒေါ်အောင်ဆန်းစုကြည် နဲ့ **NLD** ဘက်က တရားဝင်ထုတ်ပြန်တာ မရှိဘူး။ ဒီဇင်လာ ၄ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (ငြိမ်း) တို့ လျှို့ဝှက်တွေ့ဆုံကြောင်း သတင်းထွက်လာတယ်။ ရှုံးနေတဲ့မြင်းလည်း ဆက်လောင်းလို့မရ၊ အာဏာသိမ်းဖို့ရာ မင်းမဲ့စရိုက်တွေလည်း ဖန်တီးလို့မရတဲ့အတွက် ကန့်လန့်ကာနောက်ကွယ်ကအဘ ရှေ့ပြန်ထွက်လာရတဲ့ သဘောပါပဲ။ ‘စု – သန်း’ သဘောတူညီချက်ဟာ (ကြိတ်ဝိုင်းပင် ဖြစ်ပါစေ) ဗမာပြည်အနာဂတ်ကို ပုံဖော်မယ့်သဘောပဲ။ သူ့အရပ်နဲ့သူ့ဇာတ်လို့ သဘောထားပြီး စောင့်ကြည့်နေခဲ့ပါတယ်။

–၂၀၀၈ ပြင်/ဖျက် ရေးကို အဓိကထား ဆွေးနွေးစေချင်ပါတယ်။

– **NLD** ဦးဆောင်ဖွဲ့စည်းမယ့် အစိုးရသစ်ဟာ အားကောင်းတဲ့အစိုးရ၊ လုပ်ခွင့်ကိုင်ခွင့်ရှိတဲ့အစိုးရ ဖြစ်ဖို့လည်း လိုပါတယ်။

– ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးပြဿနာ၊ တည်ငြိမ်ရေးနဲ့ဖွံ့ဖြိုးရေး ပြဿနာ၊ အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်သစ် ပြဿနာများကို တိုင်းရင်းသားပေါင်းစုံ လူထုလူတန်းစားအဖွဲ့အစည်းများနဲ့ ညှိနှိုင်းတိုင်ပင် ဖြေရှင်းသွားမှသာ အာမခံချက်ရှိနိုင်ပါမယ်။

ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ အထက်ပါမှုတွေကိုင်ပြီး ဆွေးနွေးဖို့၊ ပြည်သူကိုချပြ အသိပေးဖို့လိုပါမယ်။ နိုင်ငံရေးအရ နီးကြားနေပြီး အသင့်ဖြစ်နေတဲ့ လူထုကြီးရဲ့ ထောက်ခံအားပေးမှုနဲ့သာ အောင်မြင်တဲ့ တွေ့ဆုံဆွေးနွေးရေး ဖြစ်နိုင်ပါတယ်။

နယ်ချဲ့ဗြိတိသျှအောက်က ဒိုင်အာခီ **diarchy** အုပ်ချုပ်ရေးလို၊ ဂျပန်ခေတ်က ဒေါက်တာဗမော် ရုပ်သေးအစိုးရလိုမျိုး ညွန့်ပေါင်းအစိုးရမျိုးကိုတော့ လူထုက လက်မခံဘူးဆိုတာ သမိုင်းက သက်သေပြခဲ့ပြီး ဖြစ်ပါတယ်။